## .This week's topic is EXTRA CURRICULAR EDUCATION

### *Historical context:*

ဗြိတိသျှလက်အောက်ကနေ လွတ်လပ်ရေးရပြီးနောက် ဗမာစာ ဗမာစကားက ရုံးသုံးဘာသာစကား ဖြစ်လာခဲ့ပေမယ့် တိုင်းရင်းသားဘာသာစကားတွေကိုတော့ ဆက်လက်သင်ကြားခွင့်ပေးခဲ့ပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်နေဝင်းရဲ့စစ်တပ်အာဏာသိမ်းပြီး ၁၉၆၂ ခုနှစ်မှာ ပညာရေးကို အစိုးရက တင်းတင်းကြပ်ကြပ် ချုပ်ကိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ တိုင်းရင်းသားဘာသာစကားသင်ကြားခွင့်ကို ရုပ်သိမ်းလိုက်ပြီး နိုင်ငံရေးရည်မှန်းချက်နဲ့ကိုက်ညီတဲ့ သင်ရိုးတွေကိုသာပြဌာန်းခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်မှာစတင်ကျင့်သုံးခဲ့တဲ့ မြန်မာနိုင်ငံအခြေခံပညာရေးဥပဒေရဲ့ ပညာရေးရည်မှန်းချက်တွေထဲမှာ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တမြင့်မားကာ အခြေခံပညာတက်မြောက်ရေးနဲ့ စာပေယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ထိန်းသိမ်းကာ ဖွံ့ဖြိုးတိုးတက်စေနိုင်တဲ့ ပညာရပ်များကို ဦးစားပေးသင်ကြားရေး စတဲ့အချက်တွေပါဝင်ပါတယ်။ ဒါပေမယ့် အထူးသဖြင့် ကျေးလက်ဒေသတွေက အစိုးရစာသင်ကျောင်းတွေမှာ အားကစားနဲ့ အနုပညာဘာသာရပ်တွေအတွက် ဝန်ထမ်း၊ အထောက်အပံ့ပစ္စည်းတွေနဲ့ ငွေကြေးထောက်ပံ့မှုမရကြပါဘူး။ လူမှုရေးနဲ့ကျန်းမာရေးပညာတောင်မှ အစိုးရကျောင်းတွေမှာ သင်ကြားပေးခြင်းမရှိပါဘူး။ ပုံတူကူးချပညာရေးသာ စံပေတံတခုဖြစ်လာခဲ့ပါတယ်။ ကျောင်းသား/သူ အများစုဟာ အခြေခံလူမှုရေး ပညာနဲ့ လိင်ပညာအတွက် မိဘတွေနဲ့ သူငယ်ချင်းတွေကိုသာ အားထားနေရပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ရှေးရိုးစွဲလူ့အသိုက်အဝန်းမှာ တစ်ခါတစ်ရံ မိဘတွေဟာ ဒီလိုအကြောင်းအရာတွေကို ပေါ့ပေါ့ပါးပါးသဘောထားပြီး ပြောမပြနိုင်ကြပါဘူး။ မြန်မာနိုင်ငံရဲ့ပညာရေးဟာ ပညာရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာပဲ ရှိနေဆဲပါ။ ပညာရေးပြုပြင်ပြောင်းလဲမှုဟာလဲ ဦးသိန်းစိန်အစိုးရလက်ထက်မှာ စတင်ခဲ့တာဖြစ်ပြီး ပညာရေးဥပဒေသစ်မူကြမ်းကလဲ အခုမှရေးဆွဲနေဆဲပဲရှိပါသေးတယ်။

### *Facts and Figures:*

- ကုလသမဂ္ဂရဲ့ ၂၀၁၃ ခုနှစ်ကထုတ်ပြန်ခဲ့တဲ့ ပညာရေးညွှန်းကိန်းအရ နိုင်ငံပေါင်း(၁၈၇)နိုင်ငံမှာ မြန်မာနိုင်ငံက အဆင့်(၁၅၀)ကို ရောက်နေပါတယ်။
- ၂၀၁၃ ခုနှစ်မှာ အစိုးရက ပညာရေးအသုံးစရိတ်ကို ကျပ်ငွေ(၃၁၀)ဘီလီယံထိ တိုးမြှင့်သုံးစွဲခဲ့ ပါတယ်။ ဒီအသုံးစရိတ်ဟာ အရင်နှစ်အသုံးစရိတ်(၅.၂)ရာခိုင်နှုန်းနဲ့ယှဉ်လိုက်ရင် တစ်နိုင်ငံလုံးစာ ဘတ်ဂျက်ရဲ့(၇.၅)ရာခိုင်နှုန်းရှိလာပေမယ့် ဂျီဒီပီရဲ့ (၁.၃)ရာခိုင်နှုန်းသာရှိပါတယ်
- ကျေးလက်ဒေသနေထိုင်သူလူဦးရေ(၇၀)ရာခိုင်နှုန်းရှိတဲ့နိုင်ငံတခုမှာ ကျေးလက်ဒေသတွေရဲ့ ပညာရေးအဆင့်အတန်းမြှင့်တင်ဖို့လိုအပ်ချက်က ပိုမိုတိုးတက်လာပါတယ်။
- ချင်းပြည်နယ်နဲ့ ကယားပြည်နယ်တွေမှာဆိုရင် ကျောင်းပြင်ပပညာရေးရယ်လို့ လုံးဝမရှိပါဘူး။
- သင်ရိုးပြင်ပ ပညာရေးနဲ့ လှုပ်ရှားမှုတွေဆိုတာကတော့ ကျောင်းမှာပြဌာန်းထားတဲ့ဘာသာရပ် နယ်ပယ်ရဲ့ပြင်ပက ဂါသနာထုံရာအလုပ်တွေနဲ့ လှုပ်ရှားမှုတွေဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေဟာ လက်တွေ့လုပ်ငန်းတွေဖြစ်ပြီး သက်မွေးမှုပညာတွေလဲပါပါတယ်။ စိတ်ဖိအားတွေကို လျှော့ပါးစေ သလို ကျောင်းသား/ သူအချင်းချင်းဆက်ဆံရေးကိုလဲ ပိုမိုအားကောင်းလာစေပါတယ်။

### *Points of view:*

"ဗဟိုချုပ်ကိုင်ပညာရေးစနစ်ကို နှစ်ပေါင်း(၆၀) ကျင့်သုံးခဲ့တဲ့အတွက် ဒီနိုင်ငံရဲ့ပညာရေးဟာ ကမ္ဘာမှာ အနိမ့်ကျဆုံးအဆင့်ရောက်သွားပါတယ်။"လို့ NNER အဖွဲ့ဝင် မပေါင်းစိုင်းက ဆိုပါတယ်။

"ကမ္ဘာတစ်ဂှမ်းလုံးကအမျိုးသမီးတွေသာ ပညာရည်မြင့်မားပြီး လုပ်ပိုင်ခွင့်တွေရလာမယ်ဆိုရင် စောင့်ရှောက်မှုတွေ၊ စိတ်ရှည်သည်းခံမှုတွေ၊ တရားမျှတမှုတွေ၊ ငြိမ်းချမ်းမှုတွေနဲ့ပြည့်ဝတဲ့ ဘဝတွေကို လူတိုင်းစေ့ရလာနိုင်ကြမှာပါ။"လို့ ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။

"နိုင်ငံရဲ့ပညာရေးကို နိုင်ငံတကာနဲ့ရင်ဘောင်တန်းနိုင်အောင် မြှင့်တင်သွားမှာဖြစ်သလို လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးကို ပိုမိုအားကောင်းလာအောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ကုလသမဂ္ဂအပါ အဝင် နိုင်ငံတကာက အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေနဲ့ လက်တွဲလုပ်ဆောင်သွားမှာပါ။ ပုဂ္ဂလိကပညာသင် ကျောင်းတွေအတွက် လိုအပ်တဲ့ဥပဒေတွေကိုလဲ ပြဌာန်းပေးသွားမှာဖြစ်ပါတယ်။"လို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆိုပါတယ်။

### *Information Links:*

www.myanmar-education.edu.mm
www.moemyanmar.net
www.pshe-association.org.uk
www.facebook.com/NNER.mmr
www.unicef.org/myanmar/education.html
www.dvb.no